# မြစ်ကျဉ်း သွားလာရေး
# အကျိုးပြုဥပဒေကို
# ပြင်ဆင်သည့်

# ဥပဒေ

# မြစ်ကျဉ်းသွားလာရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၇။)

## ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

## (၂၀၁၃ ခုနှစ်၊ သြဂုတ်လ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ဤဥပဒေကို မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။မြစ်ကျဉ်းသွားလာရေး အက်ဥပဒေ ပုဒ်မ ၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"1.This Act shall be called the Defile Traffic Act"

၃။မြစ်ကျဉ်းသွားလာရေး အက်ဥပဒေပုဒ်မ ၂ တွင်-

(က)ပုဒ်မခွဲ(၁)၌ ပါရှိသော "in the Bhamo District;" ဆိုသည့်စကားရပ်ကို 'in the Bhamo District. This expression also include the defile prescribed by the Ministry of Transport with the approval of the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ)ပုဒ်မခွဲ(၂) ကို ပယ်ဖျက်ရမည်။

(ဂ)ပုဒ်မခွဲ(၃)ကို ပုဒ်မခွဲ(၂)အဖြစ် ပြောင်းလဲသတ်မှတ်၍ အောက်ပါအတိုင်း အစားထိုးရမည်-

"(2) "vessel" means the powered vessel, non-powered vessel

and any other kind of vessel that can navigate from one place to another with passengers and cargoes. This expression also includes timber and bamboo rafts.'

၄။မြစ်ကျဉ်းသွားလာရေး အက်ဥပဒေပုဒ်မ ၃ တွင် -

(က)ပုဒ်မခွဲ(၁)၌ ''The President of the Union may'' ဆိုသည့်စကားရပ်ကို ''The Ministry of Transport may, with approval of the Union Government'' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ)ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲငယ်(ဂ) နှင့်(ဃ) တို့၌ ပါရှိသော ''steam-vessels'' ဆိုသည့် စကားရပ်ကို “vessels'' ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဂ)ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲငယ် (ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

''(i) requiring the persons in charge of rafts to report the arrival of the rafts at specified places to officers authorised by the Directorate of Water Resources and improvement of River Systems, and to produce such passes (if any) for inspection and signature,and to deliver up the passes on arrival at any specified station of the said Directorate.”

၅။မြစ်ကျဉ်းသွားလာရေး အက်ဥပဒေပုဒ်မ ၄ တွင် ပါရှိသော ''be punished with fine which may extend to one thousand kyats''ဆိုသည့် စကားရပ်ကို 'be punished with imprisonment for a term not exceeding two years or with fine not exceeding two hundred thousand kyats or with both.'' ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်